# NEWSLETTER

## MYANMAR GARMENT MANUFACTURERS ASSOCIATION

NEWSLETTER APRIL 2018

**NEWS**

## အထည်ချုပ် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင် ထုတ်ဝေခြင်း အသိပေးရှင်းလင်းပွဲ




အလုပ်သမား လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့ ပူးပေါင်း၍ အထည်ချုပ် လုပ်ငန်း ကဏ္ဍအတွက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင် ထုတ်ဝေးခြင်း အသိပေးရှင်းလင်းပွဲကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ စနေနေ့၊ Chatrium Hotel တွင် ကျင်းပခဲ့သည်။ အခန်းအနားကို အလုပ်သမား လူဝန်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ် သံအမတ်ကြီး H.E Peter Lysholt Hensen ၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း ဒုတိယ ဥက္ကဌ ဦးကျော်ဝင်း နှင့် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လာမည့် ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင် ၁ သန်းမှ ၁.၅ သန်းအထိ ဖန်တီးနိုင်လိမ့်မည်ဟု ခန့်မှန်းကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒု ဥက္ကဌ ဦးကျော်ဝင်းကလည်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ် ဆွေးနွေး၍ ယခုကဲ့သို့ လမ်းညွှန်စာစောင်တစ်ခု ထုတ်ဝေခြင်းအတွက် ဝန်ကြီးဌာန နှင့် ဒိန်းမတ်သံရုံးအား ကျေးဇူးတင်ရှိပါကြောင်း နှင့် အထည်ချုပ်လုပ်ငန်းသည် လျှင်မြန်စွာတိုးတက်နေသည့် လုပ်ငန်းဖြစ်သည့်အလျောက် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် Export တန်ဖိုးမှာ အသင်း၏ 10 Years Stretagy တွင် ချမှတ်ထားသည့် ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ကြောင်း ပြောကြားခဲ့သည်။ လမ်းညွှန်စာစောင်ကို https://drive.google.com/open?id=1PQWSBpyxv0RD_clrbqYD-5mm0j3omWBh တွင် Download ဆွဲယူ အသုံးပြုနိုင်ပါသည်။ လက်ရှိအချိန်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြထားပြီး ဆွေးနွေးအတည်ပြုနိုင်ရန် ဆောင်ရွက်လျှက်ရှိသည်။ ယခု ထုတ်ဝေသည့် အထည်ချုပ်လုပ်ငန်းအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်စာစောင်သည် လမ်းညွှန်စာစောင်သာဖြစ်ပြီး ဥပဒေအရ စည်းနှောင်ခြင်းမရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ၎င်း၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

## Sub-Committee များ ဖွဲ့စည်း

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျှင်မြန်လွယ်ကူစေရန်အတွက် Sub-Committee များ ဖွဲ့စည်းရန် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ပြုလုပ်သည့် လစဉ် အလုပ်အမှုဆောင် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။ အသင်း၏ အလုပ်အမှုဆောင်များ ပါဝင်သည့် Sub-Committee ၆ ခုကို အောက်ပါအတိုင်း ဖွဲ့စည်းပြီး အသင်းဝင်များထဲမှ Voluntary ဆောင်ရွက်လိုသူများကိုလည်း ဖိတ်ခေါ်ထားသည်။

| | |
|---|---|
| 1. Management Committee | 4. Information Center |
| 2. Member Affairs and Advocacy Policy | 5. International Relation and Value Chain |
| 3. Productivity Center (Including MGHRDC) | 6. Industrial Relation |

## အသင်းဝင်စက်ရုံများအားလုံး Fully Online License System စတင်အသုံးပြု

၂၀၁၈ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် Fully Online License System အကြောင်းနှင့် စနစ်အသုံးပြုမှုသင်တန်း အစီအစဉ် အကြောင်းတို့ကို အသင်းမှ တင်ပြခဲ့သည်။ အစီအစဉ်အတိုင်း စနစ်အသုံးပြုမှုသင်တန်းများ ပို့ချခဲ့ရာ ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဝင် စက်ရုံများအားလုံး Fully Online License System စတင်အသုံးပြုရမည် ဖြစ်ပါသည်။

**PRIORITY**

## အမျိုးသားကော်မတီ၏ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့ ကော်မတီအစည်းအဝေးတွင် အနည်းဆုံး အခကြေးငွေနှုန်းထားကို တစ်ရက် ၄၈၀၀ ကျပ်အဖြစ် အတည်ပြုခဲ့သည်။ ယင်းအတည်ပြုနှုန်းထားကို ဥပဒေအရ အာဏာသက်ရောက်စေရန် အတွက် အမျိုးသားကော်မတီသည် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ နည်းဥပဒေများ ပုဒ်မ ၄၀ (က) နှင့် (ခ) တို့အရ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာတို့တွင် ထည့်သွင်းကြော်ငြာရ မည်ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ် အနည်းဆုံး အခကြေးငွေနှုန်းထား တစ်ရက် ၃၆၀၀ ကျပ် ကို သတ်မှတ်စဉ်ကလည်း အမျိုးသားကော်မတီသည် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅) ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ပြီး အနည်းဆုံး အခကြေးငွေနှုန်းထားကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်ကြောင်း တရားဝင်ဖော်ပြခဲ့သည်။

ယခု ဒုတိယအကြိမ် အတည်ပြုထားသည့် အနည်းဆုံး အခကြေးငွေ နှုန်းထား တစ်ရက် ၄၈၀၀ ကျပ်ကို တစ်နိုင်ငံလုံးတစ်ပြေးညီ စတင် ကျင့်သုံးရန် အမျိုးသားကော်မတီက မကြာမီ အမိန့်ကြော်ငြာစာထုတ်ပြန်မည် ဖြစ်သည်။ သို့သော် ၂၀၁၈ ခုနှစ်၊ မေလ (၃) ရက်နေ့အထိ အမျိုးသားကော်မတီ က အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားခြင်း မရှိသေးပါ။

ယင်းလုပ်ငန်းစဉ်နှင့် အချက်အလက်များကို အသင်းဝင်များ သိရှိနိုင်စေရန် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက ၂၀၁၈ ခုနှစ်၊ ဧပြီလ (၃၀) ရက် ရက်စွဲဖြင့် အသိပေး အကြောင်းကြားစာတစ်စောင် ထုတ်ဝေခဲ့သည်။ အကြောင်းကြားစာနှင့်တကွ သက်ဆိုင်ရာ နည်းဥပဒေများနှင့် ၂၀၁၅ ခုနှစ် အမိန့်ကြော်ငြာစာကို အောက်ပါ link များတွင် Download ဆွဲယူနိုင်သည်။

https://drive.google.com/open?id=0B5M5oZ6z0tOhNkg1XzB5U3ZqQ0o1QXpKeDl1d0hqU0M1MzFr

https://drive.google.com/open?id=0B5M5oZ6z0tOhYnlUZEFJR2s5aGhBdjZaQkR1WXBfUDFHZmpJ

https://drive.google.com/open?id=0B5M5oZ6z0tOhOVF5YlJ6Sy1yZFBXV1N6OTdLRDVjTldick9v

## ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော် က မတ်လ ၃၀ ရက်နေ့တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတွင် လက်ခစား ကုန်ထုတ်ဝန်ဆောင်မှု (CMP) လုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်များ ဆက်လက်ပေးထားသည်။ သို့သော် ယခင်နှင့် မတူသည့် ကင်းလွတ်ခွင့်မှာ လက်ခစား ကုန်ထုတ် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ပြည်ပမှတင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများအပြင် စက်ပစ္စည်းများ၊ ကိရိယာများ၊ အပိုပစ္စည်းများကိုပါ ထည့်သွင်း ဖော်ပြ၍ ကင်းလွတ်ခွင့်ပေးထားသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ၊ PDF ဖိုင်ကို အောက်ပါ link တွင် Download ဆွဲယူနိုင်ပါသည်။ https://pyidaungsu.hluttaw.mm/laws/lawno103032018

လက်ခစား ကုန်ထုတ်ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်း ကိရိယာများ အတွက် ကင်းလွတ်ခွင့် -

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ၊ အခန်း (၆)၊ ပုဒ်မ (၁၄)၊ ပုဒ်မခွဲ (က) တွင် ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဥ်း၍ ကုန်သွယ် လုပ်ငန်းခွန် မကျသင့်စေသည့် ကုန်စည်အမျိုးအမည်ဇယားကို ဖော်ပြထားပြီး ဇယား အမှတ်စဉ် (၇၈) တွင် "လက်ခစား အပ်ကုန် စနစ်ဖြင့်

ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစား အပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ" ဟု ဖော်ပြပါရှိသည်။

လက်ခစား ကုန်ထုတ်ဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် -

၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ၊ အခန်း (၆)၊ ပုဒ်မ (၁၄)၊ ပုဒ်မခွဲ (ဃ) တွင် ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ဝန်ဆောင်မှုအမျိုးအစားများကို ဇယားဖြင့်ဖော်ပြထားပြီး အမှတ်စဉ် (၁၁) တွင် "ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ" ဟု ဖော်ပြထားသည်။

ထို့ကြောင့် လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ထုတ်ဝန်ဆောင်မှုပေးသည့် CMP အထည်ချုပ်စက်ရုံများသည် လုပ်ငန်းသဘာဝနှင့် လုပ်ငန်းလိုအပ်ချက်အရ ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်း ပစ္စည်းများနှင့် စက်ပစ္စည်း ကိရိယာများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅% ကင်းလွတ်ခွင့်ရပါသည်။ လက်ခစား အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်းများတင်သွင်းရန် Import License လျှောက်ထားရာတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်လိုအပ်ပြီး Export အတွက် Country of Origin (CO) လိုအပ်ပါသည်။

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ သည် မြန်မာနိုင်ငံ CMP လုပ်ငန်း ကြီးကြပ်ရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သည်။ ထို့ကြောင့် အသင်းအနေဖြင့် ယင်းကော်မတီ လက်အောက်ရှိ CMP import/export license လျှောက်ထားမှု ကြီးကြပ်ရေးအဖွဲ့ကိုယ်စား import ထောက်ခံချက်ပေးခြင်းနှင့် export CO ထုတ်ပေးခြင်းများ ဆောင်ရွက်ခြင်း ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အသင်း၏ Hot Line နံပါတ် +95 9 443399441 နှင့် +95 9 443399442 များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ အမှတ် (၈၇/၂၀၁၇) ကို ထုတ်ပြန်ခဲ့သည်။ အမိန့်ကြော်ငြာစာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ "ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း၌ ထုတ်လုပ်ပြီး ထွက်ရှိလာသော ကုန်ချောပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ကုန်ချောထုတ်ကုန်များ အားလုံး ပြည်တွင်းဈေးကွက်သို့ ရောက်းချခြင်းမပြုဘဲ ပို့ကုန်ထုတ်လုပ်ရန်အတွက် ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံ ရောင်းချပါက" ယင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ်သတ်မှတ်ခဲ့သည်။ အဆိုပါ ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၇(ခ) နှင့်အညီ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ လျှောက်ထားနိုင်သည်။

## NEW MEMBERS IN APRIL 2018

| Number of New Factories in April 2018 | | 1 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Chinese | 1 | 1702 |
| | | |
| **TOTAL** | 1 | 1702 |

## MEMBERSHIP UPDATE AS OF 2018-05-03

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 199 | 58546 |
| | Chinese | 178 | 152975 |
| | Korea | 54 | 88763 |
| | Japan | 19 | 15754 |
| | Others | 59 | 57511 |
| Inactive | All | 54 | |
| TOTAL | | 563 | 373549 |

## UPCOMING

| Deacription | Date | Place |
|---|---|---|
| 1. Buyer Forum, organized by Smart Myanmar and BIF | 24-25 May 2018 | |
| 2. MGMA-AVE project evaluation, to revise activities | 28 May - 1 June 2018 | MGMA |
| 2. HR Manager Development Training, funded by AVE<br>Factory Training | June, July 2018<br>Aug, Oct 2018 | UMFCCI<br>on-site |
| 3. Kick-off meeting for new EC board and training for active EC committee chairs, funded by AVE | 8-10 June 2018 | |
| | | |